လစဉ်ခြုံငုံသုံးသပ်ချက်

MONTHLY OVERVIEW

# မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ အခြေအနေများ

ဒီဇင်ဘာ
၂၀၂၂

HURFOM

# ခြုံငုံသုံးသပ်ချက်

**ပစ်မှတ်သတ်မှတ်မှုမရှိပဲ ပစ်ခတ်မှုများ၊ လက်နက်ကြီး ပစ်ခတ်မှုများနှင့် ဆက်လက်ဖြစ်ပွားနေသည့် စစ်အုပ်စု၏ ဖမ်းဆီးမှုများက မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှ ထောင်နှင့် ချီသော အရပ်သားများကို ထွက်ပြေးရစေသည်။**

## ၂၀၂၂၊ ဒီဇင်ဘာ

လွန်ခဲ့သည့် ဆယ့်နှစ်လ ကာလအတွင်း မွန်ပြည် လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM) သည် မြန်မာ စစ်တပ်က အပြစ်မဲ့ အရပ်သားများအပေါ် ကျူးလွန်သော ကျယ်ပြန့်ပြီး စနစ်ကျသည့် ရက်စက်ကြမ်းကြုတ်မှုများကို ဆက်လက်၍ မှတ်တမ်းတင်ခဲ့သည်။ ၂၀၂၂ ခုနှစ် ကုန်ဆုံးသည့် အခါတွင် မိမိတို့၏ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များအပေါ်တွင် အခြေခံလျက် လူ့အခွင့်အရေး အခြေအနေများသည် တိုးတက်မှု ပြသခြင်းမရှိဟု ကောက်ချက်ပြုပါသည်။ စစ်အုပ်စုသည် သူ၏ အာဏာတည်မြဲရေးအတွက် အပြစ်မဲ့သူများ၏ အသက်များကို စတေးသည်အထိပင် အကြမ်းဖက်မှုများကို အသုံးပြုလာခဲ့သည်။ ယင်းတွင် ဖမ်းဆီးမှုများ၊ နှိပ်စက်ညှင်းပမ်းမှုများ နှင့် ပဋိပက္ခနှင့် သက်ဆိုင်သော လိင်အကြမ်းဖက်မှုများ ပိုမိုလုပ်ဆောင်ခြင်းများ ပါဝင်သည်။

ယခုချိန်တွင် လုံးလုံးလျားလျားပျက်စီးနေပြီဖြစ်သော တရားရေးစနစ်သည် တရားမျှတမှုအတွက် အလားအလာ မရှိတော့ပေ။ တရားရုံးများသည် အကျိုးအမြတ်နှင့် အကာအကွယ်ရရန်အတွက် တရားဥပဒေစိုးမိုးမှုကို ဂရုမပြုသော စစ်တပ်က ခန့်အပ်ထားသူများဖြင့်သာ ဖွဲ့စည်းထားသည်။ ထောင်နှင့်ချီသောသူများကို အခြေအမြစ်မရှိသော စွဲချက်များဖြင့် ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းထားကြသည်။ နိုင်ငံတကာအသိုင်းအဝိုင်းသို့ တောင်းဆိုမှုများပြုလုပ်ရာတွင်နှေးကွေးသောတုံ့ပြန်မှုသာရရှိခဲ့ပြီး ယခုထိ စစ်တပ်ကို တာဝန်ခံမှုရှိစေရန်အတွက် သိသာထင်ရှားသော အရေးယူဆောင်ရွက်မှု လုပ်ဆောင်ချက်မရှိပါ။ ထို့ကြောင့် ပြည်သူလူထုသည် ဆက်လက်၍ ဒုက္ခအခက်အခဲများကို ရင်ဆိုင်နေရသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အသက် ၄၁ နှစ်အရွယ် ကိုရာဇာထွန်းမှာ ထားဝယ်ထောင်တွင် ထောင်ဒဏ် ၄၈ နှစ်ကို ရင်ဆိုင်နေရသည်။ ယင်းစီရင်ချက်သည် တနင်္သာရီတိုင်းဒေသကြီးတွင် အမြင့်ဆုံးချမှတ်သည့် ပြစ်ဒဏ်ဖြစ်သည်ဟု စေတနာ့ဝန်ထမ်း ရှေ့နေများက HURFOM ကို ပြောပြသည်။ နောက်ထပ် တရားစီရင်ရေးပျက်ပြားမှု တစ်ခုမှာ မွန်ပြည်နယ်ဝန်ကြီးချုပ်ကို စုစုပေါင်း ၂၇ နှစ် ကျခံရန် နောက်ထပ် ထောင်ဒဏ် ၂ နှစ် တိုးမြင့်ချထားခြင်းဖြစ်သည်။ မွန်ပြည်နယ် စစ်ကောင်စီက ခန့်ထားသော တရားသူကြီးက ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဦးအေးဇံကို စီရင်ချက်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ မော်လမြိုင်ရှိ စစ်တပ်လက်အောက်ခံ တရားရုံးတစ်ခုတွင် သူ့ကို ထောင်ဒဏ် နောက်ထပ် နှစ်နှစ်တိုး ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ပြည်နယ်ဝန်ကြီးချုပ်မှာ ဖမ်းဆီးခံရပြီးနောက် ကျိုက်မရော ဗဟို အကျဉ်းထောင်တွင် စစ်ကောင်စီက စွဲဆိုထားသော အမှု ၉ မှုအတွက် ထိန်းသိမ်းခြင်း ခံရသည်။ ယင်း စွဲဆိုမှုများထဲတွင် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)၊ ပုဒ်မ ၁၃၀(က) နှင့် ၁၇၁ (f) တို့ ပါဝင်သည်။ ပြည်နယ် ဝန်ကြီးချုပ်နှင့် နီးစပ်သူ ရှေ့နေတစ်ဦးက မျှတမှု မရှိသည့် ကြားနာမှုအပေါ် အယူခံ တင်ရန် မလိုအပ်ကြောင်း ပြောသည်။

နက်နက်ရှိုင်းရှိုင်း အခြေစွဲနေပြီဖြစ်သော စစ်တပ်၏ ကျူးလွန်မှုများအပေါ် လွတ်ကင်းခွင့်က အိမ်မီးရှို့သော၊ ရွာများကို ဝင်ရောက်စီးနင်းသောနှင့် အပြစ်မဲ့ ပြည်သူများကို အကြမ်းဖက် ဖမ်းဆီး ထိန်းသိမ်းသော စစ်သားများအား အကာအကွယ်ပေးထားသည်။ ချို့ယွင်းလွဲမှားနေသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေက မြန်မာစစ်တပ်ကို အမြင့်ဆုံး အာဏာပိုင်အဖြစ် သတ်မှတ်ပေးထားပြီး ဆယ်စုနှစ်များစွာ တည်ရှိနေခဲ့သည့် သူတို့၏ ကြီးမားသော ရာဇဝတ်မှုများကို စိတ်ဝင်စားမှု မရှိ သို့မဟုတ် သတိမမူပဲ ရှိစေသည်။ ဗိုလ်ချုပ်ကြီးများ အတွက်မူ သူတို့ကိုယ်တိုင်ရေးစွဲ သတ်မှတ်ပြီး သူတို့၏ သဘောတူဆုံးဖြတ်ချက်များကို ဖျက်ဆီးချိုးဖောက်သည့် သူတို့၏ အာဏာသိမ်းမှု အပါအဝင် မည်သည့် စည်းမျဉ်းအတွက်မဆို သူတို့မှာ ချွင်းချက် ရစေသည်။

အာဏာရှင်များ၏ လက်တွင်းတွင် ခံစားခဲ့ရသော ပြည်သူများအတွက် ပျက်စီး ဆုံးရှုံးစေသော ကာလပင်ဖြစ်သည်။ အကြမ်းဖက် လုပ်ရပ်များက လူများကို ပုံမှန်နေရာ ရွှေ့ပြောင်းစေပြီး လူသားချင်းစာနာမှု ဆိုင်ရာ အကြပ်အတည်းကို ပိုမို ဆိုးရွားစေသည်။ စစ်ကောင်စီ၏ စစ်လိုလားသော မူဝါဒများက အကူအညီ လမ်းကြောင်းများကို ပြတ်တောက်မှုက အခြေအနေကို ပိုမို ဆိုးရွားစေသည်။ ကာကွယ်တားဆီးနိုင်သော ရောဂါများဖြင့် လူအများအပြား သေဆုံးကြရပြီး အသက်ရှင် ကျန်ရစ်သူများမှာလည်း အဟာရပြည့်ဝသော အစာ၊ ရေနှင့် ဆေးဝါး မလုံလောက်မှုဒဏ်ကို ခံကြရသည်။ ပဋိပက္ခ ဇုံများအတွင်း နေထိုင်ကြသော ကလေးငယ်များမှာ ဘေးကင်းလုံခြုံပြီး သင့်တင့်လျောက်ပတ်သော ပညာရေး လမ်းကြောင်းများကို လက်လှမ်းမမှီနိုင်ပဲ ဖြစ်ကြရသည်။ မိသားစုများမှာ အနိမ့်ဆုံး အစာရေစာများအပေါ်တွင် ရှင်သန်ရန် ကြိုးပမ်းနေကြရသည်။

ဒေသအတွင်းမှ သတင်းထောက်များ အဆိုအရ တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်း မြို့နယ် ကျေးရွာများမှ ပဋိပက္ခကြောင့် ထွက်ပြေးရသူ ရာနှင့် ချီသည့် ဒေသခံများမှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ် ကတည်းက သူတို့၏ အိမ်များသို့ မပြန်နိုင်ပဲ ရှိကြသည်။ မိသားစုများမှာ အစားအစာ မလုံလောက်မှု ကြုံတွေ့နေကြသည်။ အခြေအနေမှာ ထိုသူများ အိမ်ပြန်ရန် တည်ငြိမ်မှု မရှိသေးကြောင်း ဤ လူထုများအား ဆန်ဝေပေးနေသည့် ဒေသခံ ကူညီထောက်ပံ့ရေး အဖွဲ့များက ပြောသည်။ ဒီဇင်ဘာ ၄ ရက်မှ ၁၀ ရက်အတွင်း စစ်ကောင်စီက ရတနက် (သတ္တုတူးဖော်ရေး) ရွာတွင် နေထိုင်ကြသော နောက်ထပ်ဒေသခံ ၄၀၀ ကို ထိုင်းမြန်မာ နယ်စပ်သို့ အတင်းအဓမ္မ ပြောင်းရွှေ့စေခဲ့သည်ဟု HURFOM သတင်းထောက်တစ်ဦးက ဆိုသည်။ “အခုဆိုရင် အန္တရာယ် ရင်ဆိုင်ရတဲ့ ကလေးတွေကော သက်ကြီး ရွယ်အိုတွေကော အပါအဝင် စုစုပေါင်း ၇၀၀ လောက် ရှိတယ်။” ဟု လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်သား တစ်ဦးက ပြောသည်။

HURFOM ကွင်းဆင်းလုပ်သားများက လူထုများကို သူတို့ တွေ့ကြုံရသော စိန်ခေါ်မှု အတိုင်းအတာနှင့် သူတို့ ပုံမှန် ရှိနေသော ကြောက်ရွံ့မှုများအကြောင်း ဆွေးနွေးမေးမြန်းခဲ့သည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ အစပိုင်းတွင် ဂျက်တိုက်လေယာဉ်နှစ်စီးသည် ထိုင်း-မြန်မာ နယ်စပ်မျဉ်းမှ ၁၇ မိုင်အကွာ ဘုရားသုံးဆူ ဒေသ မယ့်ကထာ ရွာတွင်ရှိသော ခဲသတ္တုမိုင်း အမှတ် ၆ ကို စတင်တိုက်ခိုက်ခဲ့သည်။ HUROM သတင်းထောက်များကို ပြောပြသော ဒေသခံများ အဆိုအရ ဗုံးကြဲ တိုက်ခိုက်မှုအကြောင့် အနည်းဆုံး အရပ်သား လေးဦး သေဆုံးခဲ့သည်။ ယခင်လ ဖြစ်သော နိုဝင်ဘာ ၆ ရက်မှ ၁၆ ရက်အတွင်း စစ်ကောင်စီ ဂျက်တိုက်လေယာဉ်များက ဤဒေသကို တိုက်ခိုက်ခဲ့ပြီး သတ္တုတွင်း တစ်ခုလုံး ပေါက်ကွဲကာ အရပ်သား ၃ ဦး သေဆုံးခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

လက်နက်ကိုင် ပဋိပက္ခနှင့်အတူ ကရင်ပြည်နယ်အတွင်းရှိ ရွာသားများသည် စစ်ကောင်စီအတွက် အတင်းအဓမ္မ ပေါ်တာဆွဲခြင်းကိုလည်း ခံရသည်။ ငြင်းဆိုသူများမှာ အပြစ်ပေးခံရသည်။ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ခမရ တပ်ရင်း အမှတ် ၄၃၂ စစ်ကြောင်း ၁ က ရွာတိုင်းရွာတိုင်းကို စစ်တပ် ပစ္စည်းများ သယ်ဆောင်ရန်အတွက် ယောကျ်ား ဆယ်ယောက်စီ ပေးရန် အမိန့်ပေးခဲ့သည်။ ပေါ်တာများသည် သူတို့အိမ်မှာ အစားအစာများနှင့် အခြားသော ပစ္စည်းများကို ယူဆောင်လာရသည်ဟု ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ် ကမမောင်းရွာမှ သတင်းရင်းမြစ်တစ်ဦးက ပြောသည်။ ဝင်းယု ရွာသား တစ်ဦးက အစားအစာများမှာ ကေအန်ယူ တပ်မဟာ ၆ နှင့် KNU ထိန်းချုပ်နယ်မြေအတွင်းရှိ ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ PDF များအား ထိုးစစ်ဆင်ရန်အတွက် ဖြစ်ကြောင်း အတည်ပြု ပြောဆိုသည်။ ဤ ပူးပေါင်း စစ်ရေး အုပ်စုမှာ အာဏာသိမ်းချိန်ကတည်းမှ စ၍ တိုက်ခိုက်နေခဲ့ခြင်း ဖြစ်သည်။ သူတို့က ထိုးစစ်လုပ်ပါက ချိုးဖောက်မှုများ ပိုမိုလာမည်ဖြစ်ကြောင်း ပြောသည်။

စစ်ကောင်စီသည် သူတို့ ကျင်းပရန် စီစဉ်နေသော ၂၀၂၃ ရွေးကောက်ပွဲအတွက် တရားဝင် မှု ရရှိစေရန် လည်း ကြိုးပမ်းလျက်ရှိသည်။ စစ်ကောင်စီက လွန်ခဲ့သည့် နှစ်နှစ်က အာဏာသိမ်းယူခဲ့ပြီး မဲစာရင်းတွင် သိသိသာသာ မှားယွင်းမှုများ ရှိသည်ဟု ဆိုကာ ၂၀၂၀ ရွေးကောက်ပွဲ ရလာဒ်များကို ငြင်းဆိုခဲ့သည်။ စစ်ကောင်စီသည် ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲ တစ်ခု ကျင်းပရန် ပြင်ဆင်နေသည်။ စစ်တပ်က ထိန်းချုပ်ထားသော ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် သည် အထွေထွေ အုပ်ချုပ်ရေး ဌာနမှ တဆင့် မဲဆန္ဒရှင် စာရင်း အသစ်များကို စုဆောင်းလျက်ရှိသည်။ ထွေအုပ် ဌာနအတွင်းမှ သတင်းရင်းမြစ်များ အဆိုအရ အမျိုးသားမှတ်ပုံတင်ကပ်ပြားများနှင့် မဲဆန္ဒရှင် အိမ်ထောင်စုစာရင်း ပြုစုသော လူဝင်မှု ကြီးကြပ်ရေး ဌာန၏ ခြစားမှုများကြောင့် မဲဆန္ဒရှင်စာရင်း အသစ်၏ တိကျမှန်ကန်မှု အပေါ် အယုံအကြည် နည်းပါးလျက်ရှိသည်။

"မဲဆန္ဒနယ်အတွင်းမှာ ရှိတဲ့ လူတွေနဲ့ အိမ်ထောင်စုစာရင်းမှာ ပါတဲ့ လူစာရင်း အတူတူပဲလားဆိုပြီး သူတို့ စစ်နေတာ ကြာလှပြီ။ လူအများအပြားက အိမ်ထောင်စုစာရင်းထဲမှာပါပြီး မြို့နယ်ထဲမှာ မနေတာရှိတယ်။ သူတို့ကို မဲပေးဖို့ စာရင်းထဲ ထည့်ထားတယ်။" အချို့အမည်များမှာ မှတ်ပုံတင် နှစ်ခု သုံးခု ကိုင်ထားတယ်။ ခြစားတာကို မပယ်ဖျက်နိုင်ဘူးဆိုရင် မဲဆန္ဒရှင် စာရင်းဟာ မမှန်နိုင်ဘူး။" ဟု မြို့နယ် ထွေအုပ်ရုံးနှင့် နီးစပ်သူ တစ်ဦး က ပြောသည်။ စစ်ကောင်စီက သေးငယ်သော သို့မဟုတ် တိုင်းရင်းသား ပါတီများအား ဖိအားပေးနေသည်ကိုလည်း မှတ်သားရန် သင့်သည်။ မကြာသေးမီက ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က စစ်ကောင်စီက ရေးသားသော ပြင်ဆင်ချက်များကို နိုင်ငံရေး ပါတီများအား အသိပေးခဲ့ပြီး အဖွဲ့ဝင် အမှတ်အသစ်များ သတ်မှတ်ပေးပြီး နိုင်ငံရေးပါတီများ အနေဖြင့် UEC ကို ငွေကြေး ပေးဆောင်ရမည် ဖြစ်သည်။

စစ်အစိုးရ၏ ချို့ယွင်းချက်ရှိသော ဗျူရိုကရေစီကို တိုးချဲ့ရာတွင် အရပ်ဖက်အဖွဲ့အစည်းများအား မွန်ပြည်နယ်တွင် တရားဝင်မှတ်ပုံတင်ထားခြင်း ရှိမရှိကို စောင့်ကြည့်ပြီး စစ်အာဏာရှင်များက မကြာမီ သီတင်းပတ်များအတွင်း ဖြိုခွင်းမည်ကို အရပ်ဘက်အဖွဲ့အစည်းများက စိုးရိမ်မှုများ ပါဝင်သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် တပ်မတော်က အသစ်ပြဋ္ဌာန်းလိုက်သော အသင်းအဖွဲ့ မှတ်ပုံတင်ခြင်း ဥပဒေအရ တရားဝင် မှတ်ပုံတင်ခြင်းမရှိဘဲ လုပ်ကိုင်နေသော အဖွဲ့အစည်းများအား ထောင်ဒဏ် ၃ နှစ်နှင့် ငွေဒဏ် မြန်မာကျပ်ငွေ ဆယ်သိန်း (အမေရိကန်ဒေါ်လာ ၄၇၇) ပေးဆောင်ရမည်ဟု ဖော်ပြထားသည်။

ယခုလတွင် စစ်ကောင်စီက ရွာသားများအား သူတို့၏ လူမှု မီဒီယာ အကောင့်များတွင် လက်နက်ကိုင် ထိတွေ့မှုများ၊ ဖုံးပေါက်ကွဲမှုများ သို့မဟုတ် စစ်တပ်အား ဆန့်ကျင်သော တော်လှန်ရေးနှင့် ပတ်သက်သည့် မည်သည့် အချက်အလက်ကိုမျှ ဝေမျှခြင်း မပြုရန် ခြိမ်းခြောက်ထားသည်ဟု ရွာသားများက HURFOM ကို ပြောသည်။ ထို ဖြစ်ရပ်များကို ဝေမျှသူများကို ဖမ်းဆီးသွားမည်။ စစ်ကောင်စီက လက်နက်ကိုင် တိုက်ပွဲများ နှင့် ဖုံးပေါက်ကွဲမှုများ၏ ဓါတ်ပုံများ ရိုက်ခြင်းကို တားမြစ်ထားပြီး ထိုဖြစ်ရပ်များကို လူမှု စာမျက်နှာများတွင် ဝေမျှခြင်းကိုလည်း တားမြစ်ထားသည်။ စစ်ကောင်စီက အောက်ပါ သတင်းအချက်အလက် စီးဆင်းမှုများကိုလည်း ကြားဝင် တားမြစ်ထားသည်။

"ကျွန်တော်တို့ ရွာမှာ ဖြစ်တဲ့ တိုင်အောင် ကျွန်တော်တို့က ဓါတ်ပုံ မရိုက်ရဲဘူး။ သတင်းတွေ ဝေမျှ မပြောရဲဘူး။" ဟု ရွာသား တစ်ဦးက ပြောသည်။ သို့ရာတွင် ရွာသားများသည် သတင်းအချက်အလက်များ မရှိပဲ ဘာဖြစ်နေသည်ကို မသိကြပဲ နှင့် မည်သို့ လုံခြုံအောင် နေရမည်ကို မသိကြပဲ ရှိသည်။ "အခုတော့ သူတို့ တိတ်တိတ်လေး နေနေတယ်။" ဟု မွန်ပြည်နယ် ကျိုက်မရော မြို့နယ် တောင်ကလေး ရွာမ ရွာသား တစ်ဦးက ပြောသည်။

အာဏာမသိမ်းမီက လူများသည် သူတို့ ဒေသများ အကြောင်း အချက်အလက်များကို လူမှု မီဒီယာ တွင် လွတ်လွတ်လပ်လပ် ဝေမျှခဲ့ကြသည်။ ယခုအခါ စစ်ကောင်စီက သတင်းထောက်များ နှင့် ဖြစ်ရပ်များကို သူတို့၏ လက်ကိုင်ဖုန်းဖြင့် မှတ်တမ်းတင်သူများကို ပုံမှန် ဖမ်းဆီးလျက်ရှိသည်။ HURFOM ၏ ပစ်မှတ်ထား မှတ်တမ်းတင်သည့် ဧရိယာများအတွင်း လူမှု မီဒီယာ တားမြစ်ချက်များကို ချိုးဖောက်သူ ၁၆၆ ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး လူ ၅၀ ကျော်ကို ထောင်ချခဲ့သည်။

စစ်ကောင်စီ၏ အပြုအမူများမှာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ဥပဒေသများကို ဆက်လက် ချိုး ဖောက်နေဆဲဖြစ်သည်။ သူတို့၏ အမူအကျင့်များမှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်းနှင့် အခြားသော ကုလသမဂ္ဂ သဘောတူညီချက်များကိုလည်း အပြင်းအထန် ချိုးဖောက် လျက်ရှိသည်။ စစ်အုပ်စု လက်အောင်တွင် အရပ်သားများ၏ ဘဝမှာ ပိုမို ဆိုးရွားလာခဲ့သော်လည်း ကုလသမဂ္ဂ အဖွဲ့အစည်းများအပါအဝင် အချို့သော နိုင်ငံများက မြန်မာ့ တပ်မတော် အဆင့်မြင့် ခေါင်း ဆောင်ပိုင်းကို သူတို့၏ အထောက်အထားများ တင်ပြခြင်းဖြင့် အသိအမှတ်ပြုထားခဲ့ကြသည်။ အထူး သဖြင့် စစ်အုပ်စုတွင် ဥပဒေ မဲ့မှု မှတ်တမ်းများ ရှိသည့်အခါတွင် လူ့အခွင့်အရေး ထိန်းသိမ်းမှုကို သံတမာန် ဆက်သွယ်မှုထက် ဦးစားပေးရပေလိမ့်မည်။


## DECEMBER 2022 DATA

### လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်ခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှလူ့အခွင့်အရေးသတင်းမှတ်တမ်းပြုစုလေ့လာသူများအနေဖြင့် မွန်၊ကရင် နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့ရှိ ပစ်မှတ်ဒေသများတွင် စစ်အုပ်စုတို့မှ ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းတင်ခြင်းကို အန္တရာယ်အတားအဆီးများကြား ဆက်လက်ဆောင်ရွက်နေပါသည်။

မတရားဖမ်းဆီးခံမှု ၁၀၇ ဦး။ ထိန်းသိမ်းခံရသူ ၆၉ ဦး။ ဒဏ်ရာရသူများ ၃၉ ဦး။ သေဆုံး/သတ်ဖြတ်ခံရသူများ ၁၃ ဦး။

### Civilians Arrested, Injured & Killed in December 2022 in Mon State, Karen State and Tanintharyi region




**Pro-Democracy Activists targeted by the junta as well as 1 NLD member, and 1 Strike Committee Member**

## ၉

## ပစ်မှတ်ဒေသအတွင်း ပျောက်ကြားသပိတ်၊ အသံတိတ်သပိတ်နှင့် အာဏာသိမ်း ဆန့်ကျင်ကန့်ကွက်သည့် လှုပ်ရှားမှုများ

**7**
တနင်္သာရီတိုင်းဒေသကြီး

**1**
မွန်ပြည်နယ်

**1**
ကရင်ပြည်နယ်

**30 000+**

**နေရပ်မှအတင်းအဓမ္မစွန့်ခွာ ထွက်ပြေးရသူများစာရင်း**

**ပစ်မှတ်ထားဖိနှိပ်ချိုးဖောက်ခံကြရသည့် ဒေသခံပြည်သူများစာရင်း( မွန်၊ကရင် နှင့် တနင်္သာရီတိုင်းဒေသကြီး)**

**13+**
အာဏာဖီဆန်ရေးပြည်သူ့လှုပ်ရှားမှုတွင် ပါဝင်လှုပ်ရှားဆောင်ရွက်သည့်အတွက် အလုပ်မှထုတ်ပယ် ခံရသူများစာရင်း

**8+**
တက်ကြွလှုပ်ရှားသူများ သပိတ်မှောက်ဆန္ဒပြမှုများတွင် ပါဝင်သူများအား အာဏာသိမ်းအုပ်စုတို့မှ ပြစ်ဒဏ်ချမှတ်သည့် စာရင်း

**2+**
မေလအတွင်း ပျောက်ဆုံးနေသူများစာရင်း

ပစ်မှတ် ဧရိယာများတွင် ခြုံငုံသုံးသပ်ချက် အခြေအနေ

# ကရင်ပြည်နယ်

**9,580+ Newly Displaced**

**15 Injured, 5 Killed**

မွန်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

စစ်ကောင်စီသည် မကြာသေးမီက တပ်အင်အား တစ်ရာကျော်ကို မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ချထားခဲ့ပြီး မြို့နယ်၏ အရှေ့တောင်ပိုင်း နေရာများတွင် အပြင်းအထန် တင်းကြပ် မှုများ လုပ်ဆောင်ထားပြီး လူငယ်များကို ပစ်မှတ်ထားကာ ဖမ်းဆီးခြင်း ငွေညှစ်ခြင်းများ ပြုလုပ်နေသည်ဟု ဒေသခံများက ပြောသည်။ ဒီဇင်ဘာလ ၆ ရက် မွန်းလွဲပိုင်းတွင် ရေဖြူမြို့နယ် အလယ်စခန်းမှ လာသော လူငယ် လေးဦးကို ရေးအထွက် ကွန်ဂရစ် တံတားတွင် ရပ်တန့်စေပြီး ဖမ်းဆီးခဲ့သည်။ သတင်းထောက်များက လူငယ် လေးဦးအနက် ဖမ်းဆီးခေါ်ဆောင်ခံရသော လူနှစ်ဦး၏ ဖြစ်စဉ်ကို လက်ခံရရှိခဲ့ကြသည်။ “ဒီလူငယ်လေးတွေကို ဘာလို့ ရပ်ခိုင်းပြီး ဖမ်းဆီးခဲ့တယ်ဆိုတာ အခုထိ သေချာမသိသေးဘူး။ ပထမက သူတို့ရဲ့ မော်တော်ဆိုင်ကယ်တွေ၊ အိပ်တွေနဲ့ ကိုယ်ခန္ဓာတွေကို လုံခြုံရေး တပ်ဖွဲ့တွေ က ရှာတယ်။ နောက်တော့ စစ်သားတယောက်က အဖြူအမဲ A4 အရွယ် အလိုရှိသူ စာရင်းကို ပြပြီး သူတို့ထဲက တယောက်ကို PDF ဖြစ်တယ်ဆိုပြီး စွပ်စွဲတယ်။ လေးယောက်ထဲက တယောက်ဟာ စစ်တပ်ရဲ့ ဖမ်းဆီးရမယ့်သူ စာရင်းထဲမှာ ပါတဲ့သူနဲ့ ဆင်တူနေတော့ သူ့ကိုဖမ်းခံဖို့ ပြောတယ်။ လေးယောက်စလုံးက အဖမ်းခံလိုက်ကြတယ်။” ဟု သတင်းရင်းမြစ် တစ်ဦးက ပြောသည်။

စစ်ကောင်စီက လက်နက်ကြီးများကို အရပ်သား နေအိမ်များကို ပစ်မှတ်ထား ပစ်ခတ်ခဲ့သောကြောင့် အရပ်သား ၄၀၀၀ ကျော် နေအိမ်များ စွန့်ခွာ ထွက်ပြေး ခဲ့ကြရပြီး မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် အနည်းဆုံး အိမ်လေးလုံး ပျက်စီးခဲ့ရသည်ဟု ထိုဒေသတွင် အခြေစိုက်သော ကရင့် အမျိုးသား အစည်းအရုံးက ပြောသည်။ ဒီဇင်ဘာလ ၄ ရက်နေ့တွင် မူလက သိမ်ဇရပ် အခြေစိုက်ဖြစ်သော စစ်ကောင်စီ၏ လက်နက်ကြီး အခြေစိုက် တပ်ရင်း ၃၁၀ က ညပိုင်းတွင် ကျောက်ဘုရားနှင့် ဇီးပြောင်း ရွာများအတွင်းသို့ လက်နက်ကြီးများ ရမ်းသန်း ပစ်ခတ်ခဲ့သည်ဟု KNU က အတည်ပြုနိုင်သော သတင်းများက ဆိုသည်။ လက်နက်ကြီး ကျည်များ ကျောက်ဘုရားရွာအတွင်း ပေါက်ကွဲခဲ့သည်။ ဤဖြစ်ရပ်များကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသော ဒေသခံများအဆိုအရ ဇီးပြောင်းရွာတွင် အနည်းဆုံး လက်နက်ကြီး ကိုးလုံး ကျရောက်ခဲ့ပြီး မော်တာကျည် ၇ လုံးပေါက်ကွဲခဲ့သည်။ ကျိုက်ထိုမြို့နယ် KNU သတင်းပြန်ကြားရေး အဆိုအရ စစ်ကောင်စီ တပ်ဖွဲ့များက ထိုကဲ့သို့ လက်နက်ကြီးများဖြင့် မြေပြင်တိုက်ခိုက်မှုများ စတင်လာခဲ့ပါက နောက်ထပ် တိုက်ခိုက်မှုများ ဆက်လာလေ့ရှိသည်။ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းတွင် ပျဉ်းကတိုးခုံး ရွာသို့ တပ်ဖွဲ့ဝင် ၂၀၀ ခန့်ဝင်ရောက်လာခဲ့သည်။

မွန်ပြည်နယ်တွင် ငွေညှစ်မှုများ ဆက်လက် ဖြစ်ပွားနေသည်။ မွန်ပြည်နယ်ရှိ စစ်ကောင်စီသည် ရှောင်တခင် စစ်ဆေးခြင်းများကို လုပ်ဆောင်ပြီး မော်လမြိုင် အခြောက်အခြမ်းဈေးရှိ ဈေးဆိုင်တန်းများကို စီးနင်းပြီး ထိုင်းကုန်ပစ္စည်းများကို ဥပဒေမဲ့ သိမ်းဆည်းရယူကာ အနည်း ဆုံး စီးပွားရေး လုပ်ငန်း ရှင် ၈ ဦးကို ဖမ်းဆီးထားခဲ့သည်ဟု ကျူးလွန်ခံရသူများ၏ မိသားစုဝင်များက ပြောသည်။ ထိုသူများအထဲတွင် အလယ်အလတ်တန်း စီးပွားရေး လုပ်ငန်းရှင် သုံးဦးမှာ ဒေသခံ လက်နက်ကိုင်အဖွဲ့အစည်းများအား ဘဏ္ဍာငွေထောက်ပံ့သည့်အတွက် ဆိုကာ ဖမ်းဆီးခံရသည်။ "စစ်ကောင်စီက ထိုင်းပစ္စည်း မြန်မာငွေ သိန်း ၈၀၀ ဖိုးလောက်ကို ဘာအကြောင်းပြချက်မှ မပေးပဲ သိမ်းသွားတယ်။ သူတို့က စစ်ထရပ်ကားတွေနဲ့ သယ်သွားတယ်။ ပြန်လွတ်ချင်ရင် တစ်ယောက်ကို သိန်း တစ်ရာနဲ့ ပြန်ရွေးရမယ်လို့ အမိန့်ပေးသွားတယ်။" ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။

"ကျွန်တော့် အစ်ကိုဆိုင်က သူတို့ ထိုင်း စားဆီ ဂါလံ ၅၀၀ ကျော် နဲ့ ဟင်းချိုမှုန့်အိတ်တွေ သိမ်းသွားတယ်။ ဒီဈေးဆိုင် ပိုင်ရှင်တွေက ထိုင်း-မြန်မာ နယ်စပ်က လာတဲ့ ကုန်ပစ္စည်းအားလုံး အတွက် အခွန် ဆောင်ပြီးသား ဖြစ်တယ်။ တရားမဝင် ကုန်သွယ်မှုဆိုတာက အခွန်ရှောင်တာ သာဖြစ်တယ်။ ဒီ ဖြစ်ရပ်ဟာ ဆိုရင် တရားမဲ့ လုပ်ဆောင်တာ သက်သက်နဲ့ သူတို့ရဲ့ အာဏာကို အလွဲသုံးတာပဲ ဖြစ်တယ်။" ဟု စီးပွားရေး လုပ်ငန်းရှင် တစ်ဦး၏ မိသားစုဝင်တစ်ဦးက ပြောသည်။

ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် စံပြနှင့် နှင်းဇုန် ရွာကြားတွင် ရှိသော ရော်ဘာခြံတွင် အလုပ်လုပ်နေသော သမီးဖြစ်သူနှင့် မိခင် ဖြစ်သူတို့နှစ်ဦး စလုံးကို မြန်မာ စစ်သားများက မုဒိန်းကျင့်ခဲ့သည်။ မုဒိန်းကျင့်ခံရသူမှာ သမီးဖြစ်သူ၏ ခင်ပွန်းဖြစ်သူနှင့် ရော်ဘာခြံတွင် နေထိုင်သူ ဖြစ်သည်။ သမီးဖြစ်သူမှာ ကိုယ်ဝန်ရှိနေသည်။ စစ်သားများမှာ ရေးမြို့အခြေစိုက် စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ် အမှတ် (၁၉) လက်အောက်ခံ ခမရ ၅၈၆ မှ တပ်ဖွဲ့များ ဖြစ်သည်ဟု ခန့်မှန်းရသည်။ သူတို့သည် သမီး၊ မိခင်နှင့် ယောက်ျားဖြစ်သူတို့ အတူရှိနေစဉ် ရော်ဘာစိုက်ခင်းသို့ ရောက်လာကြခြင်း ဖြစ်သည်။ စစ်သားများက ယောက်ျားဖြစ်သူကို ရွာသို့သွားပြီး သူတို့အတွက် အရက်ဝယ်ခိုင်းခဲ့သည်။ ရော်ဘာခြံမှ သူထွက်သွားသည့်အခါ စစ်သားများက မိခင်နှင့် သမီးဖြစ်သူကို မုဒိန်းကျင့်ခဲ့ကြသည်။ ကျူးလွန်ခံရသူများမှာ ရော်ဘာခြံမှ ထွက်၍ သူတို့ရွာသို့ ပြန်သွားကြသည်။ အာဏာသိမ်းသည်မှ စ၍ ထိုကဲ့သို့သော အမှုများ,ကို ရဲတိုင်သည်ဖြစ်စေ၊ မတိုင်သည်ဖြစ်စေ၊ ထိုသို့သော ရာဇဝတ်မှုများကို အာဏာပိုင်များက လျစ်လျူရှုလာခြင်းမှာ ပုံမှန်လို ဖြစ်လာခဲ့သည်။

# မွန်ပြည်နယ်

**4,850+ Newly Displaced**

**7 Injured, 2 Killed**

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ အတွင်း ကရင်ပြည်နယ်မှာ လေကြောင်းနှင့် ကုန်းကြောင်း တိုက်ခိုက်မှုများအတွက် ပစ်မှတ်ဖြစ်ခဲ့သည်။ စစ်ကောင်စီက သူတို့၏ တပ်ဖွဲ့များ လှုပ်ရှားမှု လုပ်သည့်အခါတွင် အရပ်ဖက် နေရာများဖြစ် သည့် ကျောင်းများနှင့် ဆေးခန်းများကို ပစ်မှတ် ထားသည်။ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) နှင့် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ PDF များက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါက ကရင်နယ်မြေအတွင်းသို့ သူတို့ ဝင်ရောက်မည်ဖြစ်ကြောင်း စစ်ကောင်စီ အရာရှိများက ကြာအင်းဆိပ်ကြီးရှိ ကျောင်းထိုင် ဘုန်းကြီးတစ်ပါးကို အသိပေးခဲ့သည်။ သံဖြူဇရပ်- ဘုရားသုံးဆူ၊ ခလယ်- တံခွန်တိုင် နှင့် ဇာမီမြစ် အရှေ့ဖက် လမ်းကြောင်းများမှ တဆင့် ဝင်ရောက်ရန် စီစဉ်ထားသည်။ သူတို့က တန်ပြန်တိုက်စစ်ဆင်မည်ဟု ညွှန်းပြနေသည်။ “ကရင်တွေက စပစ်တာနဲ့ မြန်မာစစ်တပ်ကလည်း သူတို့ တိုက်စစ်ကို စလိမ့်မယ်။” ဟု စစ်ရေး လှုပ်ရှားမှုများနှင့် အခြေအနေကို အနီးကပ် စောင့်ကြည့်လေ့လာနေသော ရွာသား တစ်ဦးက ပြောသည်။ တောင်ကလေး ရဲစခန်းကို KNLA နှင့် PDF တပ်ဖွဲ့များ ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ပြီးနောက်တွင် ရာနှင့် ချီသော မြန်မာစစ်တပ်များသည် အေးချမ်းမြိုင် နှင့် ခလယ်-တံခွန်တိုင် ဧရိယာများကို ဝင်ရောက်လာပြီး အခြေ စိုက်စခန်းများကို တည်ဆောက်ကြသည်။ “ခလယ်-တံခွန်တိုင်က ရွာတွေမှာ ဗမာ စစ်တပ်တွေ ပြည့်နေပြီ၊ ရွာသား တယောက်မှ မကျန်တော့ဘူး။ သူတို့အားလုံး ထွက်ပြေးသွားကြပြီ။”

တပတ်အတွင်း အနည်းဆုံး ဒေသခံ အိမ်ခြေ ၁၄ လုံး ဖျက်ဆီးခံရပြီး ကော့ကရိတ် မြို့နဘ်မှ ရွာများကို လက်နက်ကြီး ပစ်ခတ်မှုကြောင့် အသက် ၂၆ နှစ်အရွယ် ရွာသား အမျိုးသား တစ်ဦးဒဏ်ရာရခဲ့သည် ဟု ရွာသားများက ပြောသည်။ ဒီဇင်ဘာ ၃ ရက်တွင် ဘောဒိုင်ဟု ခေါ်သော ကရင်ရွာကို ကော့ကရိတ်အခြေစိုက် စစ်ကောင်စီ ခြေလျင်တပ်ရင်းက လက်နက်ကြီးများနှင့် ပစ်ခတ်သောကြောင့် အသက် ၂၆ နှစ်အရွယ် ရွာသား မောင်အေးဇော်မှာ ဦးခေါင်းတွင်ဒဏ်ရာ ရရှိခဲ့သည်။ “ကော့ကရိတ် မြို့နယ် တောင်ပိုင်းမှာ ရှိတဲ့ တောင်ကြာအင်းနဲ့ ကျွန်းတောင်ရွာတွေ မှာ လက်နက်ကြီးတွေကြောင့် ဒေသခံ အိမ်မွေးတိရစ္ဆာန်တွေနဲ့ တခြား မွေးမြူရေး တိရစ္ဆာန်တွေ ထိခိုက်ပျက်စီး တယ်ဆိုတာတွေ ကြားရတယ်။ ဟု ကျွန်းချောင်းရွာမှ ရွာကော်မတီဝင်တစ်ဦးက သတင်းထောက်များကို ပြောသည်။ အချို့သော စိုက်ပျိုးရေး လုပ်ငန်းသုံး ပစ္စည်းကိရိယာ များလည်း ပျက်စီးသည်ဟု အတည်ပြုသည်။ မြန်မာစစ်တပ်၏ ထိုတိုက်ခိုက်မှုများကြောင့် ရွာသား ၃၀၀ ခန့်ထွက်ပြေးရသည်ဟု KNU တပ်မဟာ ၆ အုပ်ချုပ်ရေး အရာရှိများ အဆိုအရ သိရသည်။

ရက်အနည်းငယ်ကြာပြီးနောက် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကော့ကရိတ် အခြေစိုက် စစ် ကောင်စီ တပ်ရင်း မှ ပစ်လိုက်သည့် လက်နက်ကြီးကျည်များ မောင်းမ ရွာဘုန်းကြီးကျောင်း ပညာရေး စာသင်ကျောင်းသစ် တွင် ထိမှန်ပေါက်ကွဲပြီး ဆရာတစ်ဦးနှင့် ကျောင်းသား တစ်ဦးကို ဒဏ်ရာရစေခဲ့သည်။ နောက်တရက်တွင် စစ်ကောင်စီမှ ပစ်လိုက်သော လက်နက်ကြီး ထိမှန် သောကြောင့် မောင်းမကျောင်းမှ အသက် ၃၀ အရွယ် ဆရာတစ်ဦး မျက်နှာနှင့် လက်များတွင် ဒဏ်ရာရခဲ့ကြောင်း KNU ပညာရေးနှင့် ယဉ်ကျေးမှုဌာနက အတည်ပြုသည်။ အသက် ၈ နှစ် အရွယ် ကျောင်းသား မှာလည်း အပြင်းအထန် ဒဏ်ရာရသွားခဲ့သည်။ နှစ်ဦးစလုံးမှာ ယခုအခါ ကရင် အမျိုးသား အစည်းအရုံးမှ ဆေးဖက်ဆိုင်ရာ ကုသမှုများကို ခံယူနေကြသည်။ ကျောင်းအဆောက်အဦးမှာ လုံးဝနီးပါး ပျက်စီးသွားသည်ဟု ရွာခံများက ပြောသည်။ စနစ်တံ ထည့်သွင်း ထားသော လက်နက်များ ကျောင်းအတွင်း ပေါက်ကွဲခဲ့ခြင်းကြောင့် ကျောင်းကို ယနေ့တိုင် ပိတ် ထားရသည်။ တိုက်ခိုက်မှုများက နောက်ထပ် အရပ်သား ၂၀၀ ကို ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးရ စေသည်။

ဒီဇင်ဘာ ၁၆ ရက်မှ စ၍ စစ်ကောင်စီ၏ ခမရ တပ်ရင်း ၂၃၁ နှင့် KNLA ပူးတွဲ တပ်ဖွဲ့များအကြား ကရင်ပြည်နယ် ကော့ ကရိတ်မြို့နယ် တောင်ပိုင်းတွင် လက်နက်ကိုင် တိုက်ခိုက်မှု အသစ်များ မှာ ယခု သတင်းပို့သည့် အချိန်ထိ ပြင်းထန်စွာ ဆက်လက် ဖြစ်ပွားနေခဲ့သည်။ စစ်အုပ်စုက လေကြောင်းနှင့် ဒုံးကျည် လက်နက်ကြီးများ အပါအဝင် မြေပြင်ထိုးစစ်များ လုပ်ဆောင် လျက်ရှိသည်။ ယင်းသည် ဒေသခံများ၏ ပိုင်ဆိုင်မှုများကို ပျက်စီးစေသည်။ အနည်းဆုံး လူသုံးဦး ထိခိုက် ဒဏ်ရာရရှိပြီး ရာနှင့် ချီသော ဒေသခံများ အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသည်။ ဒီဇင်ဘာ ၁၈ ရက်နေ့ နံနက်တွင် ကော့ကရိတ်မြို့ တောင်ဘက်တွင် ရှိသော ရန်ကောက် နှင့် ကိုနွဲ့ ရွာများကို စစ်ကောင်စီက ပစ်မှတ်သတ်မှတ်ခြင်းမရှိပဲ အမြောက်များ လက်နက်ကြီးများ ဖြင့် ပစ်ခတ်ခဲ့သောကြောင့် အိမ် ၁၄ လုံး ပျက်စီးခဲ့ရသည်။ ထိုနေ့ မွန်းတည့်ချိန်တွင် စစ်ကောင်စီက ကော့ကရိတ် မြို့နယ် ဖတ်ကျ ရွာကို လက်နက်ကြီးများဖြင့် ပစ်မှတ်သတ်မှတ်ခြင်းမရှိပဲ ထပ်မံ ပစ်ခတ်ခြင်းကြောင့် နောက်ထပ် အိမ်လေးလုံး ပြိုကျ ပျက်စီးခဲ့ပြီး အမျိုးသား ရွာသား နှစ်ဦးကို ထိခိုက် ဒဏ်ရာရရှိစေသည်။ ရွာကို ပစ်မှတ်ထား တိုက်ခိုက်လာခဲ့ခြင်းကြောင့် ဖတ်ကျရွာက ဒေသခံ ပြည်သူများသည် ကြောက်ရွံ့နေကြပြီး သက်တောင့်သက်သာ မရှိကြတော့ပေ။

ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် နောက်ထပ် ဖြစ်ရပ် တစ်ခု ဖြစ်ပွားသည်။ ကော့ကရိတ် မြို့နယ် ကိုနွဲ့ရွာတွင် တိုက်ပွဲ ဖြစ်ပွားနေစဉ် စစ်ကောင်စီ တပ်ဖွဲ့ ခမရ ၂၃၁ မှ ပစ်လိုက်သော လက်နက်များကြောင့် ကိုနွဲ့ရွာမှ အသက် ၉ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးနှင့် အသက် ၉၇ နှစ်အရွယ် အမျိုးသား တစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။ “ခုထိတော့ KNU တပ်မဟာက ဒဏ်ရာရတဲ့သူတွေကို ဆေးကုပေးနေပါတယ်။ ဒါပေမယ့် ဆေးဝါးနဲ့ အရေးပေါ် တုန့်ပြန်မှုအတွက် ပစ္စည်းကိရိယာတွေက အစားအစာလိုပဲ ရှားပါးနေဆဲ ပါပဲ။ အခြေအနေက တော်တော် စိုးရိမ်စရာကောင်းတယ်။”

> “သူတို့ကို ပေးဆောင်ခိုင်းတယ်။
> လူတစ်ဦးလျှင် 10 သန်း ရွေးနုတ်ဖိုး”

# တနင်္သာရီ တိုင်းဒေသကြီး

**16,300+ Newly Displaced**

**17 Injured, 6 Killed**

ကရင်ပြည်နယ်

မွန်ပြည်နယ်

မြိတ်ခရိုင် ပလမြို့နယ်မှ နောက်ထပ် ရွာသား ဆယ့်လေးဦး ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသည်။ နိုဝင်ဘာ ၂၈ ရက်မှ စ၍ အနည်းဆုံး ဒေသခံ ရွာသား ၄၀ ဦး စစ်ကောင်စီ၏ ဥပဒေမဲ့ ဖမ်းဆီးခြင်း ခံခဲ့ရပြီး ယခုအချိန်ထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးဟု တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလမြို့နယ်မှ မိသားစုဝင်များက အတည်ပြု ပြောကြားသည်။ ထိုသူများ လွတ်မြောက်ရေးအတွက် ငွေပေးရန် စစ်ကောင်စီက တောင်းခံသည်။ သို့ရာတွင် စစ်ကောင်စီက အလွန်မြင့်မားသော ငွေကြေးများ တောင်းခံထားခြင်းကြောင့် အများစုမှာ ထိုသို့လုပ်ဆောင်ရန် မဖြစ်နိုင်ပဲ ရှိနေသည်။ တောင်းခံသော ငွေကြေးပမာဏမှာ ဖမ်းခံရသူ တစ်ဦးချင်း၏ ကြွယ်ဝ ချမ်းသာမှုအပေါ် အခြေတည်ထားသည်ဟု မိသားစုဝင်များက ယုံကြည်ကြသည်။ “ဒါဟာ အကြီးဆုံး ပြန်ပေးဆွဲမှု တစ်ခုပါပဲ။ သူတို့ ပိုက်ဆံလိုတယ်၊ ဒါကြောင့် သူတို့က အပစ်မဲ့တဲ့ ပြည်သူတွေ တစ်အုပ်ကြီး ဖမ်းထားပြီး သူတို့ကို ပိုက်ဆံနဲ့ ပြန်ရွေးခိုင်းတယ်။” ဟု နောက်ထပ် အသက် ၃၀ အရွယ် ဒေသခံ တစ်ဦးက ပြောသည်။ စစ်အုပ်စု၏ ဖမ်းဆီးခြင်း ခံရမည်ကို စိုးရိမ်သဖြင့် ထောင်နှင့် ချီသော လူများ ထွက်ပြေးကြသည်။

စစ်ကောင်စီက ပစ်မှတ်သတ်မှတ်ခြင်းမရှိပဲ ရမ်းသန်းပစ်ခတ်ခြင်းကြောင့် အပစ်မဲ့ ထားဝယ်သား တစ်ဦးမှာ သူ၏ နေအိမ်တွင်ပင် သေနတ်ထိမှန် သေဆုံးခဲ့သည်။ သတ်ဖြတ်မှုမှာ ဒီဇင်ဘာလ ၆ ရက်နေ့ နံနက် ၈ နာရီတွင် ဖြစ်ပွားခဲ့သည်။ ရွာရှိ မူလတန်းကျောင်းတွင် ယာယီစခန်းချထားသော စစ်သားများက သင်္ကန်းတုံးရွာသို့ ဝင်ရောက်လာပြီး ရမ်းသန်း ပစ်ခတ်ခဲ့ကြသည်။ မိမိ၏ နေအိမ်တွင် နေထိုင်နေသည့် အသက် ၅၇ နှစ်အရွယ် ဦးသန်းဝင်းမှာ ကျည်ဆံထိမှန် သေဆုံးခဲ့သည်။ “သူ့ကို သူ့အိမ်မှာပဲ သေနတ်ဒဏ်ရာ အများကြီးနဲ့ သေနေတာ တွေ့တယ်။ စစ်သားတွေက ရုတ်တရက် ရောက်လာပြီး မိနစ် နှစ်ဆယ်လောက် ရမ်း သန်း ပစ်ခတ်ခဲ့ကြတာ။ ရွာသား အများစုကတော့ သူတို့ နေအိမ်တွေကနေ ထွက်ပြေးသွားကြပြီး ဖြစ်တယ်။” ဟု ဒေသခံ တစ်ဦးက ပြောသည်။

သင်္ကန်းတုံးရွာက အမည်မဖော်လိုသည့် အသက် ၅၀ အရွယ် အမျိုးသမီးတစ်ဦးက “စစ်သားတွေက အကြားကြီး ပစ်နေခဲ့တာ။ ကျွန်မသမီးနဲ့ ကျွန်မတို့ နှစ်ယောက် ထွက်ပြေးခဲ့ရတယ်။ ကျွန်မတို့မှာ တစ်နှစ်လုံး တိုက်ပွဲတွေကြောင့် ထွက်ပြေးနေခဲ့ရတာ။ အခုလ ဆိုရင် သုံးခေါက်။ ကျွန်မတို့ ဘယ်လိုက နေထိုင် လုပ်ကိုင်ရမှာလဲ။” ဟု HURFOM ကို ပြောသည်။

ထားဝယ်တွင် စစ်ကောင်စီးက ဖမ်းဆီးထိန်းသိမ်းထားသော မွေးဖွားကာနီး ကိုယ်ဝန်ဆောင် အမျိုးသမီးကို ယခုထက်တိုင် လွှတ်ပေးခြင်းမရှိဟု မိသားစုဝင်များက ပြောသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဥပဒေမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသော အမျိုးသမီး နှစ်ဦး အပါအဝင် ဒေသခံ လေးဦးအား ဖမ်းဆီးထားခြင်းများအား မိသားစုဝင်များနှင့် မိတ်ဆွေများက အသနားခံခဲ့ကြသည်။ အမျိုးသမီးနှစ်ဦးအနက် တစ်ဦးမှာ ထားဝယ် တလိုင်းဟဲတိမ် ရပ်ကွက်မှ ဖြစ်ပြီး ကိုယ်ဝန်ဆောင် အမျိုးသမီးဖြစ်သည်။ သူသည် အပြစ်မဲ့ပြီး မည်သည့် နိုင်ငံရေး လှုပ်ရှားမှုနှင့်မှ ပတ်သက်ခြင်းမရှိကြောင်း သူ၏ မိသားစုဝင်များနှင့် နီးစပ်သူများက ပြောသည်။ ဖမ်းခံထားရသူများတွင် မမီးမော်၏ မိခင်နှင့် ကလေးနှစ်ဦးလည်း ပါဝင်သည်။ မမီးမော် အပါအတင် ထိုဖမ်းခံရသူ လေးဦးကို မည်သည့် နေရာတွင် ထိန်းသိမ်းထားသည်ကို မည်သူမှ မသိရပေ။

လက်နက်ကြီးနှင့် အမြောက်များ ပစ်ခတ်မှုသည်လည်း အရပ်သားများ၏ စားဝတ်နေမှု ဘဝများကို ခြိမ်းခြောက်လျက်ရှိသည်။ ဒီဇင်ဘာ ၈ ရက်မနက်ပိုင်းက စစ်ကောင်စီက ပစ်မှတ်မထားပဲ ရမ်းသန်းပစ်ခတ်သည့် လက်နက်ကြီးကျည်များကြောင့် လူလေးဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့

ကြောင်း အစီရင်ခံချက်များကို HURFOM က ပလောမြို့နယ်မှ ရရှိထားသည်။ မနက် ၈ နာရီအချိန်တွင် တနင်္သာရီတိုင်းဒေသကြီး တောင်ပိုင်း ပလောရှိ ခလရ ၂၈၅ တပ်ရင်းမှ လက်နက်ကြီး အလုံး ၂၀ ခန့် လက်ခုရွာအတွင်းသို့ ပစ်ခတ်ခဲ့ရာ အမျိုးသား တစ်ဦးနှင့် ကလေးလေးယောက်မိခင်မှာ ဒဏ်ရာရရှိခဲ့ပြီး စိုးရိမ်ရသော အခြေအနေတွင် ရှိနေပြီး အိမ်အများအပြား ပျက်စီးသွားခဲ့သည်။

လက်နက်ကြီး တစ်လုံးမှာ လက်ခုရွာ မှ ရွာသား ဦးညဏ်ကြွယ်၏ အိမ်ကို ထိမှန်ခဲ့ပြီး အိမ်ထဲတွင် ရှိနေကြသော ဦးညဏ်ကြွယ်နှင့် သူ၏ မိန်းမဖြစ်သူ မဘဲဥကို ထိခိုက်ဒဏ်ရာ ရစေခဲ့သည်။ ထိုရွာမှပင် နောက်ထပ် ရွာသားနှစ်ဦးဖြစ်သော ဦးနောင်နီနှင့် ဦးဖိုးဝ တို့နှစ်ဦးမှာလည်း အနီးမှ လက်နက်ကြီး ထိမှန်သဖြင့် ဒဏ်ရာရရှိကြကြောင်း အတည်ပြုသည်။ လက်နက်ကြီး ထိမှန်သူများမှာ ပလောဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိသည်။ “ဒဏ် ရာရတဲ့ ရွာသားတိုင်းတော့ ဆေးကုသမှု မရရှိကြ ပါဘူး။ အားလုံးကတော့ ရှေးဦးသူနာပြုစုနည်းသိတဲ့ လူထုတွေက ကုသပေးကြပါတယ်။ နှစ်ယောက်ကတော့ စိုးရိမ်စရာ အခြေအနေမှာ ရှိတယ်” ဟု အခြေအနေကို ပြောသပြသည် ဒေသခံ သတင်းထောက်က ပြောသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ နောက်ဆုံး နှစ်ပတ်တွင် စစ်ကောင်စီ၏ ပြင်းထန်သော လက်နက်ကိုင် တိုက်ခိုက်မှုများ တိုးမြင့်လာသည်ကို မြင်ရသည်။ ရလာဒ်အားဖြင့် ကရင်အတိုက်အခံ တပ်ဖွဲ့များအကြား တိုက်ခိုက်မှုများ၏ ရလာဒ်အဖြစ် ရွာပေါင်း ၂၀ ကျော်မှ ရွာသား ၂၀၀၀ မှ ၃၀၀၀ အကြားမှာ အိုးအိမ်များ စွန့်ခွာထွက်ပြေးကြရပြီး တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောမြို့နယ်သို့ မပြန်နိုင်သေးပဲ ရှိသည်။ အချို့သော ရွာသားများမှာ မြို့ကြီးများသို့ ထွက်ပြေးကြပြီး အခြားသူများမှာ အနီးအနားရှိ စိုက်ခင်းများတွင် ခိုလှုံကြရသည်။ ရွာသားများ၏ စားဝတ်နေရေး လုပ်ငန်းများ ခြိမ်းခြောက်ခံကြရပြီး ကျန်းမာရေး ပြဿနာရှိသူများမှာ လာမည့် ဆောင်းတွင်းတွင် မည်သို့ စီမံရမည်ကို စိုးရွံ့နေကြသည်။

အကြမ်းဖက်မှုများအကြားနှင့် စစ်ကောင်စီ၏ တည်ရှိမှုအောက်တွင် အမျိုးသမီးများမှာ အလွန်အမင်း ဘေးကင်းလုံခြုံမှု မရှိပဲ ရှိနေကြသည်။ ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီတွင် ရေဖြူမြို့နယ်မှ ဒေသခံ အမျိုးသမီးတစ်ဦးသည် ထားဝယ်သို့ သွားသည့် စစ်လော်ရီကားများ တိုက်ခြင်းခံရပြီး နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ “အသက် ၂၀ အရွယ် ရေဖြူ မြို့နယ်၊ ဇီးကျားရွာက ပန်းအိဖြူလို့ခေါ်တဲ့ အမျိုးသမီးဟာ စစ်လော်ရီကား တစ်စီးက ဝင်တိုက်ပြီး နောက် သေဆုံးသွားခဲ့တယ်။” ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။ စစ်ကား တစ်စီးစီတွင် စစ်သားများနှင့် လက်နက်ခဲယမ်းများပါသော လော်ရီကား ၁၄ စီးပါဝင်သည်။ ဤသေဆုံးမှုနှင့် ပတ်သက်၍ မည်သည့် စစ်တပ်တပ်ဖွဲ့ဝင် က လာရောက် ဝန်ခံခြင်း သို့မဟုတ် အသိအမှတ်ပြုခြင်းမျိုး မရှိခဲ့ဟု မိသားစုများက ပြောသည်။ စစ်တပ်က ကျူးလွန်သော လူသတ်မှု ဖြစ်သဖြင့် မိသားစုဝင်များကို ရဲစခန်းသို့ သွားရောက်၍ အမှု ဖွင့်ရန် အကြံပေးခဲ့ကြသည်။ သို့ရာတွင် မည်သူကမျှ အမှုမဖွင့်ရဲကြပေ။ ဒေသခံ လူမှုအထောက်အကူပြုအဖွဲ့များက အမျိုးသမီး၏ အလောင်းကို ရေဖြူပြည်သူ့ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြသည်။

# အဓိက တွေ့ရှိချက်များ

1. ပစ်မှတ်ဧရိယာများအားလုံးတွင် ငွေဖောင်းပွမှုသည် အရပ်သားများအားသူတို့၏ အခြေခံ လိုအပ်ချက်များ ပြည့်မီမှု မရှိနိုင်စေသည့် အလုံးစုံ ပျက်သုံးစေသော အကြောင်းရင်း ဖြစ်လာ နေခဲ့သည်။
2. ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦးကို ရိုက်နှက်ခြင်းနှင့် အမျိုးသမီးငယ်များ ဆက်လက် ထိန်း သိမ်း ခံနေရပြီး စစ်ကောင်စီက ထိန်းသိမ်းထားစဉ်အတွင်း ရိုက်နှက်ခြင်း ခံနေရခြင်းအပါအဝင် အမျိုးသမီး များအပေါ် အကြမ်းဖက်မှုများ သိသိသာသာ မြင့်တက်လာခဲ့သည်။
3. မွန်ပြည်နယ် ကျိုက်ထိုတွင် စစ်ကောင်စီ၏ အတင်းအဓမ္မ ကင်းလှည့်ခိုင်းခြင်းကို ခံနေရပြီး ကင်းစောင့် တာဝန်ပျက်ကွက်သူများအတွက် ဂျူတီကြေး ပေးနေရသည်ဟု ဒေသခံများက ပြောသည်။
4. မတည်ငြိမ်မှုနှင့် တင်းမျှားမှုများက လူများအား သူတို့၏ အိုးအိမ်များအား စွန့်ခွာစေခြင်းကြောင့် တိုက်ပွဲ များသည် မြန်မာနိုင်ငံတွင် ပြည်တွင်း အဓမ္မရွှေ့ပြောင်းစေမှုများကို ဖြစ်ပွားစေသည်။
5. ရဲနှင့် စစ်ကောင်စီ ကျောထောက်နောက်ခံ ပြုထားသော ပြည်သူ့ စစ်များက တအိမ်တက်ဆင်း စစ်ဆေး မှုများကို ဆက်လက်လုပ်ဆောင်နေပြီး သူတို့ အလိုရှိသော လူစာရင်းတွင် ပါဝင်သူ များကို လိုက်လံ ဖမ်းဆီးလျက်ရှိသည်။
6. မြန်မာနိုင်ငံတွင် နောက်လာမည့် ရွေးကောက်ပွဲတွင် ဒီမိုကရေစီ လိုလားသော ပါတီများ ဝင်ရောက် ယှဉ်ပြိုင်ခြင်းကို တားဆီးဖွယ်ရှိသော ဆုံးဖြတ်ချက်များကို စစ်အုပ်စုက စတင်ချမှတ် လာခြင်းအပေါ် စိုးရိမ်မှုများ ကျယ်ပြန့်နေသည်။ စစ်အုပ်စုသည် မဲဆန္ဒနယ် အများအပြားကို ပြောင်းလဲရန်/ကိုင်တွယ် ထိန်းချုပ်ရန် ကြိုးစားလျက်ရှိသည်။
7. မော်တော်ဆိုင်ကယ်များ၊ လက်ကိုင် ကိရိယာများ နှင့် ငွေကြေးတို့ကို အဓိက လမ်းမကြီး များတ လျှောက် တမင်သက်သက် ဂိတ်များဖွင့်လှစ်ပြီး အရပ်သားများ ထံမှ သိမ်းယူခြင်း၊ ငွေညှစ်ခြင်း တို့ကို ပုံမှန်ပြုလုပ်နေသည်။ အရပ်သားများမှာ သူတို့၏ ကိုယ်ပိုင် ပစ္စည်းများ ပြန်လည်ရရှိရန်အတွက် အလွန် အကျွံ လာဒ်ငွေ ပေးနေကြရသည်။ သို့ရာတွင် အချို့သာ မြင့်မားလှသော ကုန်ကျစားရိတ်ကို တတ်နိုင် ကြသည်။
8. မြန်မာနိုင်ငံတွင် နှင့် ပစ်မှတ် ဧရိယာများ တလျှောက် နှိပ်စက်ညှင်းပမ်းမှုမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွား နေပြီး အချက်အလက်ရယူရန်အတွက် အပြစ်မဲ့ အရပ်သားများမှာ ကြမ်းကြုတ် ကြောက် မက်ဖွယ် ကောင်းသော အပြုအမူများကို ခံစားနေကြရသည်။
9. ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အာဆီယံ အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် မြန်မာနိုင်ငံ မြေပြင်တွင် ဖြစ်ပွားနေသော အခြေအနေများအပေါ် စစ်အုပ်စုအတွက် အရေးပေါ် အာရုံစိုက်မှုနှင့် နောက်ဆက်တွဲများအတွက် တောင်းဆိုရန် လိုအပ်ချက်များကို မြန်မြန်ဆန် တုန့်ပြန်နိုင်စွမ်းမရှိပဲ ဖြစ် နေသည်။
10. စစ်တပ်၏ ကျူးလွန်မှုများအပေါ် အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခြင်းသည် တပ်မတော်ကို ကိုယ်စားပြုသော အဖွဲ့အစည်းများတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေပြီး ယင်းသည် စစ်အုပ်စုအား လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက် ကျူးလွန်နေစေသည်။
11. ကလေးများသည် စစ်အုပ်စု၏ ပစ်မှတ်ထားခြင်းကို ခံနေကြရပြီး ဆေးကုသမှု၊ အစားအစာ၊ ပညာရေး နှင့် ဘေးကင်းလုံခြုံစွာ နေထိုင်ခွင့် အပါအဝင် သူတို့၏ အခြေခံ လိုအပ်ချက်များ ဆုံးရှုံးနေသည်။
12. ဝရမ်းမဲ့ စီးနင်းဝင်ရောက်ခြင်းနှင့် အရပ်သား ဧရိယာများကို ပစ်မှတ်သတ်သတ်မှတ်မှတ် မထားပဲ ရမ်းသန်း ပစ်ခတ်ခြင်းတို့ကြောင့် စစ်အုပ်စု၏ ဥပဒေမဲ့ ဖမ်းဆီးခြင်းများ နှင့် ဥပဒေမဲ့ ထိန်းသိမ်းခြင်းများ ဆက်လက်ဖြစ်ပွားနေသည်။

# အကြံပြုချက်များ

မွန်ပြည် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။

1. ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် မြန်မာနိုင်ငံ မြေပြင်ရှိ အခြေအနေကို ချက်ချင်း နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းရမည်။
2. လူသတ် စစ်အုပ်စု၏ လက်တွင်းသို့ လက်နက်များ စီးဆင်းမှုကို တားဆီးရန် အရေးပေါ် ကမ္ဘာ့တဝှမ်း လက်နက်ပိတ်ဆို့မှုကို ချမှတ်ရန်အတွက် ကမ္ဘာတဝှမ်း သက်ဆိုင်သူများက အခိုင်အမာ ပူးပေါင်းဆောင်ရွက် သွားရန်။
3. မြန်မာနိုင်ငံတွင် အထူးသဖြင့် အပြစ်မဲ့ အရပ်သားများအကြားတွင် သိသာထင်ရှားစွာ လူ့အသက် သေဆုံးမှုများကို ဖြစ်စေသော လေကြောင်းတိုက်ခိုက်မှုများကို ထိရောက်စွာ အဆုံးသတ်သွားစေရန် လေယာဉ်ဆီ အရေးယူ ပိတ်ဆို့မှု ပြုလုပ်ရန်။
4. စစ်အုပ်စု အရာရှိများနှင့် သူတို့၏ မိသားစုများ၏ ဘဏ္ဍာရေး ပိုင်ဆိုင်မှုများ၊ ပစ္စည်းဥစ္စာများကို တားမြစ်ပြီး ချစားသော စီးပွားရေး လုပ်ငန်းများကို နိုင်ငံခြား တိုင်းပြည်များနှင့် လုပ်ဆောင်ခြင်း မပြုနိုင်စေရန် သူတို့အပေါ် ပစ်မှတ်ထား အရေးယူ ပိတ်ဆို့မှု ပြုလုပ်ရန်။
5. တိုက်ခိုက်မှု ဘေးအန္တရာယ် ကြုံတွေ့နိုင်သည့် အရပ်သားများအား အာမခံချက်ပေးနိုင်သည့် ကာကွယ်ရေး ယန္တယားများကို အားဖြည့်ခြင်း အသစ်တဖန် တည်ဆောက်ခြင်းအားဖြင့် သူတို့ အနေဖြင့် တရားမျှတမှုကို ရရှိနိုင်စေပြီး တာဝန်ခံမှု လမ်းကြောင်းများကို ရရှိစေနိုင်သော အနေ အထားကို ရောက်စေရန်။
6. မြေပြင်တွင် ၎င်းတို့၏ လူထု အသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို တုန့်ပြန်လျက် ရှိသည့် ဒေသခံ အဖွဲ့အစည်းများအတွက် ရံပုံငွေ ပံ့ပိုးမှုများကို အသစ်ထပ်ဆောင်ရန်နှင့် ဆက်လက် ပံ့ပိုး သွားရန်။ နယ်စပ်ဖြတ်ကျော်သော လမ်းကြောင်းများကို ရရှိစေပြီး လူသားချင်းစာနာမှု အထောက်အပံ့များအားလုံးကို ဒေသခံ လှုပ်ရှားသူများ၏ လက်တွင်သာ ရှိစေရန်။
7. မြန်မာနိုင်ငံအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် သူတို့၏ လုပ်ငန်းများကို ချက်ချင်း ရပ်တန့်ပြီး နိုင်ငံအတွင်း ဖွံ့ဖြိုးရေး စီမံကိန်းများတွင် သူတို့၏ ပါဝင်မှုများကို ရုတ်သိမ်းရန်။ ယင်းတို့တွင် လေဆိပ်များ၊ သင်္ဘောဆိပ်များနှင့် ဘိလပ်မြေ လုပ်ငန်းများပါဝင်ပြီး ၎င်းတို့ချည်း သာဟု မဆိုလိုပေ။
8. စစ်ကောင်စီ၏ နှိပ်စက်ညှဉ်းပန်းမှုအား အသုံးပြုမှုကို ရုတ်တရက်နှင့် ချက်ချင်း ရပ်တန့်ရန်နှင့် မြန်မာနိုင်ငံတွင် သေဆုံးသည်အထိ နှိပ်စက်ညှဉ်းပန်းခံရသော အရပ်သားများ ဥပဒေမဲ့ သေဆုံး မှုကိုသာမက စိတ်ဒဏ်ရာ ခံစားရစေပြီး ရလာဒ်အားဖြင့် ရေရှည်တွင် ဒဏ်ရာများ ရရှိသော သူများ ၏ ဖြစ်ရပ်များကို သက်သေပြသရန်အတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန်လည်း မိမိတို့ တောင်းဆိုသည်။

လစဉ်ခြုံငုံသုံးသပ်ချက်

**MONTHLY OVERVIEW**

# မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ အခြေအနေများ

## ၂၀၂၂ - ဒီဇင်ဘာ

HURFOM